
# ကရင်ပြည်နယ်၏ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ
# အချက်အလက်များ


















# 2018-2019

## Citizen's Budget

## Kayin State

# ဥယျောဇဉ်

တိုင်းပြည်သာယာဝပြောရန်နှင့် လူမှု၊ စီးပွားအခြေအနေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကောင်းခိုင်မာသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အားကောင်းလာရေးဟုဆိုရာတွင် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ တာဝန်ခံမှုနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့သည် အရေးကြီးသော အစိတ်အပိုင်းများဖြစ်ကြပါသည်။ ထိုအချက်များကို အားကောင်းခိုင်မာစေလိုသည့်အတွက် ကရင်ပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအခြေအနေများကို အများပြည်သူသိရှိနိုင်ရန် ဘတ်ဂျက်ပွင့်လင်းမြင်သာရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် လုပ်ငန်းစဉ်များကို အများပြည်သူ ရှင်းလင်းလွယ်ကူစွာ နားလည်သိရှိစေနိုင်ရေးအတွက် ရည်ရွယ်သည့် ယခုကဲ့သို့ ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်များကို ကရင်ပြည်နယ်အစိုးရက ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်တိုင်း စဉ်ဆက်မပြတ် ထုတ်ဝေလျက်ရှိပါသည်။ ယခုစာစောင်တွင် ပြည်နယ်ဘတ်ဂျက်ရငွေများ၊ အသုံးစရိတ်လျာထားချက်များ၊ ဌာနကြီးများအလိုက် အသုံးစရိတ်များ၊ သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်များ စသည်တို့ကို ရှင်းလင်းဖော်ပြထားပါသည်။ ဘတ်ဂျက်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအပြင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ပြည်နယ်များအကြား လုပ်ငန်းတာဝန်များနှင့် ဘဏ္ဍာရှာဖွေနိုင်မှုတို့ကို ပိုင်းခြားထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁၊ ဇယား ၂ နှင့် ဇယား ၅ တို့ကိုလည်းကောင်း၊ ပြည်နယ်ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ဘတ်ဂျက်စက်ဝန်းကိုလည်းကောင်း တင်ပြထားရာ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပြည်သူများ၏ တတ်သိနားလည်မှု၊ ပါဝင်လာနိုင်မှုတို့ကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။

ပြည်သူ့ဘဏ္ဍာအရင်းအမြစ်များကို ပြည်သူများ၏လိုအပ်ချက်နှင့်အညီ အမှန်တကယ် ဖြည့်ဆည်းပေးနိုင်ခြင်းမှတဆင့် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူလူထုအတွက် ပို၍ကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်လာစေရန် ဆက်လက်ဆောင်ရွက်ရာ ခရီးလမ်းတွင် ကရင်ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်သူ၊ပြည်နယ်သားတို့နှင့်အတူ တစ်နှစ်ထက်တစ်နှစ် ပိုမို၍အကျိုးဖြစ်စေသော၊ မျှတသော အစိုးရဘတ်ဂျက်ဖြစ်စေရန် လက်တွဲဆောင်ရွက်မည်ဖြစ်ပါသည်။ ပြည်သူလူထုအတွက် စစ်မှန်အကျိုးရှိသော ဘတ်ဂျက်ဖြစ်စေခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ဖြင့်ဖြစ်ထွန်းစေရန် အလေးထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ကရင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဥယျောဇဉ်စကားပါးအပ်ပါသည်။

နန်းခင်ထွေးမြင့်
ဝန်ကြီးချုပ်
ကရင်ပြည်နယ်

ရက်စွဲ ။ ။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၁ ရက်

# မာတိကာ


**ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင် မိတ်ဆက်** ၁

**ကရင်ပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များ** ၂

**အခန်း (၁) ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ဘတ်ဂျက်စက်ဝန်း** ၄

၁.၁ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ပွင့်လင်းမြင်သာမှုစာစောင်များ ၄

၁.၂ ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းစဉ်ပြက္ခဒိန် ၅

**အခန်း (၂) ကရင်ပြည်နယ်၏ မေခရိုစီးပွားရေးမျှော်မှန်းချက်** ၆

၂.၁ ကဏ္ဍအလိုက် ပြည်နယ်စီးပွားရေးဆိုင်ရာ အချက်အလက်များ ၆

၂.၂ ခရိုင်အလိုက် ပြည်နယ်စီးပွားရေးဆိုင်ရာ အချက်အလက်များ ၇

၂.၃ ကရင်ပြည်နယ်၏ ဘတ်ဂျက်ဆိုင်ရာ အချက်အလက်များ ၈

၂.၄ အစိုးရဘတ်ဂျက်နှင့် စီးပွားရေး ၈

**အခန်း (၃) ကရင်ပြည်နယ်ဘတ်ဂျက် ဘဏ္ဍာရငွေများ** ၉

၃.၁ ကရင်ပြည်နယ်ဘတ်ဂျက် ဘဏ္ဍာရငွေများအပေါ် ရှင်းလင်းချက် ၉

၃.၂ ပြည်နယ်၏ ကိုယ်တိုင်ရှာဖွေရငွေများ ၁၀

၃.၃ ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေများ ၁၂

၃.၄ မည်သည့်အတွက် အခွန်ပေးဆောင်ရပါသလဲ။ ၁၄

**အခန်း (၄) ကရင်ပြည်နယ်ဘတ်ဂျက် အသုံးစရိတ်များ** ၁၅

၄.၁ ကရင်ပြည်နယ်၏ ဘတ်ဂျက်တွင် မည်သည့်အသုံးစရိတ်များ ပါဝင်ပါသလဲ။ ၁၅

၄.၂ သာမန်အသုံးစရိတ်များ ၁၆

၄.၃ ငွေလုံးငွေရင်းအသုံးစရိတ်များ ၁၇

၄.၄ ကရင်ပြည်နယ်အတွက် ပြည်ထောင်စုဘတ်ဂျက်မှ အသုံးစရိတ်များ ၁၉

**အခန်း (၅) အစိုးရဘတ်ဂျက်နှင့် ဖွံ့ဖြိုးရေးရလဒ်များ** ၂၀

**ဝေါဟာရ အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

**နိဂုံးချုပ်အမှာစကား**

**လေ့လာဖတ်ရှုနိုင်သည့် သတင်းအချက်အလက်များ**

# ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင် မိတ်ဆက်

အစိုးရတစ်ရပ်၏မူဝါဒများကို အကောင်အထည်ဖော်နိုင်ရေး၊ စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေး၊ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစသည်တို့အတွက် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲခြင်းမှာ အရေးပါသည့်မူဝါဒနည်းလမ်းဖြစ်ပါသည်။ ကောင်းမွန်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသည် ပွင့်လင်းမြင်သာမှု (Transparency)၊ တာဝန်ယူ တာဝန်ခံမှု (Accountability) နှင့် ပြည်သူလူထုပါဝင်နိုင်မှု (Civic Participation) စသည့် အခြေခံအုတ်မြစ် ၃ ခုအပေါ် မူတည်ပါသည်။

ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင် (Citizen’s Budget) ကဲ့သို့သော ဘဏ္ဍာရေးပွင့်လင်းမြင်သာရေးလုပ်ဆောင်ချက်များမှတစ်ဆင့် အစိုးရ၏ မူဝါဒများ၊ ရငွေနှင့် အသုံးစရိတ်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များကို ပြည်သူလူထုသိရှိစေမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် သတင်းအချက်အလက်များ ပံ့ပိုးပေးထားသည့် ပြည်သူများက မူဝါဒချမှတ်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်သွယ်ပြောဆိုနိုင်သည့်နည်းလမ်းများကို ဖြစ်စေခြင်းဖြင့် တာဝန်ယူ၊ တာဝန်ခံမှုနှင့် ပြည်သူလူထုပါဝင်နိုင်မှုတို့ကို တိုးတက်လာစေမည်ဖြစ်ပြီး၊ ပြည်သူများ၏လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်မည့်ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်ကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။



# ကရင်ပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေပါ ဇယား ၁ က ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ဇယား ၂ က ပြည်နယ်အစိုးရ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း ခွဲခြားဖော်ပြပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏လုပ်ငန်းတာဝန်များအတွက် ဘဏ္ဍာငွေတစ်စိတ်တစ်ဒေသကို ကိုယ်တိုင်ဖြည့်ဆည်းနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များက ကောက်ခံနိုင်သည့်အခွန်အခများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ ဖြင့် သတ်မှတ်ပြဋ္ဌာန်းပါသည်။ ဇယား ၂ အရဆောင်ရွက်ရသည့် တာဝန်ဝတ္တရားများကို ဇယား ၅ အရကောက်ခံရသည့် အခွန်အခများဖြင့် ဘဏ္ဍာငွေ လုံလောက်အောင် မဖြည့်ဆည်းနိုင်သည့်အတွက် ပြည်ထောင်စုအစိုးရက လွှဲပြောင်းထောက်ပံ့ငွေများဖြင့် ပြည်နယ်အစိုးရဘတ်ဂျက်အတွက် ဘဏ္ဍာငွေပံ့ပိုးပါသည်။

## နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ချက်ကို အခြေခံ၍ ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးစားပေးမူဝါဒလုပ်ငန်းစဉ် (၃) ရပ်

၁။ လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်ရရှိရေး ဆောင်ရွက်ရန်။

၂။ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်။

၃။ စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်ရန်။



ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ နှင့် ဇယား ၅ ပါလုပ်ငန်းတာဝန်များအတွက် ဘဏ္ဍာရေးဆိုင်ရာအခွင့်အာဏာကိုလည်း ပေးအပ်ထားပြီး၊ အဆိုပါအခွင့်အာဏာကို ပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါဌာနများ၏ ရငွေ၊ အသုံးစရိတ်များတွင် မြင်တွေ့နိုင်ပါသည်။ ကရင်ပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများကို အခန်း ၃ တွင်လည်းကောင်း၊ အသုံးစရိတ်များကို အခန်း ၄ တွင် လည်းကောင်း ဆက်လက်ဖော်ပြသွားပါမည်။

## ကရင်ပြည်နယ် ဘတ်ဂျက်ပါ ဝန်ကြီးဌာနများနှင့် ဌာန၊ အဖွဲ့အစည်းများ

### ဗဟိုအဖွဲ့အစည်းများ

- ပြည်နယ်အစိုးရအဖွဲ့
- ပြည်နယ်လွှတ်တော်
- ပြည်နယ်တရားရုံး
- ပြည်နယ်ဥပဒေရုံး
- ပြည်နယ်စာရင်းရုံး

### ပြည်ထဲရေးဝန်ကြီးဌာန

- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
- မီးသတ်ဦးစီးဌာန

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

- စိုက်ပျိုးရေးဦးစီးဌာန
- ငါးလုပ်ငန်းဦးစီးဌာန
- မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
- သမဝါယမဦးစီးဌာန
- အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

### သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန

- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
- သစ်တောဦးစီးဌာန

### အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

- ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

- အားကစားနှင့် ကာယပညာဦးစီးဌာန

### စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

- စီမံကိန်းရေးဆွဲရေးဦးစီးဌာန
- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- ဗဟိုစာရင်းအင်းအဖွဲ့
- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

### စည်ပင်သာယာရေးအဖွဲ့များ

### လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

- လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်း)

!

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁၊ ဇယား ၂ နှင့် ဇယား ၅ တို့နှင့်စပ်လျဉ်း၍ ပိုမိုသိရှိလိုပါလျှင် နောက်ဆက်တွဲဖြင့် ဖော်ပြထားသော “လေ့လာဖတ်ရှုနိုင်သော သတင်းအချက်အလက်များကဏ္ဍ” တွင် ရည်ညွှန်းသည့်အတိုင်း လေ့လာဖတ်ရှုနိုင်ပါသည်။

# အခန်း (၁) ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ဘတ်ဂျက်စက်ဝန်း

## ၁.၁ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ပွင့်လင်းမြင်သာမှုစာစောင်များ

ဘတ်ဂျက်လုပ်ငန်းစဉ်မှာ စက်ဝန်းပုံသဏ္ဍာန်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ထပ်ကျော့ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်ပြီး၊ အဆင့်တစ်ဆင့်ချင်းစီက နောက်တစ်ဆင့်တွင် မည်သည်ကိုဆောင်ရွက်ရမည်ကို ချိတ်ဆက်ညွှန်ပြပါသည်။ ဖော်ပြပါလုပ်ငန်းစဉ်ပြသရုပ်ဖော်ပုံမှာ ဘတ်ဂျက်လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစဉ်တစ်ခုချင်းစီနှင့်သက်ဆိုင်သည့် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုဆိုင်ရာစာစောင်များကို ဖော်ပြပါသည်။

**(၁) ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်း**

အစိုးရ၏ မူဝါဒဦးစားပေးများကို ဖော်ထုတ်ပြီး၊ စီမံကိန်းနှင့် ဘတ်ဂျက်မူကြမ်းတစ်ရပ်အဖြစ် ပြင်ဆင်ရေးဆွဲရပါသည်။

- ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင် **(Pre Budget Statement)**
- ဘတ်ဂျက်အဆိုပြုတင်ပြချက် **(Executive Budget Proposal)**

**(၂) လွှတ်တော်အတွင်း ဆွေးနွေးခြင်းနှင့် ဘတ်ဂျက်ကို အတည်ပြုခြင်း**

မူကြမ်းရေးဆွဲထားသည့် စီမံကိန်း များနှင့် ဘတ်ဂျက်ကို ဆွေးနွေးမှုများ၊ စိစစ်သုံးသပ်မှုများ ဆောင်ရွက်ပြီး နောက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ က အတည် ပြုပြဋ္ဌာန်းပါသည်။

- ဘတ်ဂျက်ဥပဒေ **(Enacted Budget)**
- ပြည်သူသို့ ဘတ်ဂျက်အစီရင်ခံစာ **(Citizen's Budget)**




**(၃) ဘတ်ဂျက်ကို အကောင်အထည်ဖော်ခြင်း စောင့်ကြည့်ထိန်းသိမ်းခြင်း**

ဘတ်ဂျက်ရေးဆွဲထားသည့်အတိုင်း ရငွေ ရှာဖွေခြင်းနှင့် အသုံးစရိတ်များ သုံးစွဲခြင်း တို့ဖြင့် ဘတ်ဂျက်ကို အကောင်အထည် ဖော်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း များကို ဆောင်ရွက်ပါသည်။

- နှစ်တွင်းအစီရင်ခံစာများ **(In-year Reports)**
- နှစ်လယ် အစီရင်ခံစာ **(Mid-year Review)**
- နှစ်ကုန် အစီရင်ခံစာ **(Year-End Report)**

**(၄) စာရင်းစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း**

ဘတ်ဂျက်ကို အစိုးရက အဆိုပြုထားသည့် အစီအစဉ်များ၊ ကတိကဝတ်များ အပေါ် သာမက ထိရောက်ကောင်းမွန်သော အသုံးစရိတ်များ ဖြစ်စေရေးကိုလည်း အကဲဖြတ်ရန် လိုအပ်ပါသည်။ ထိုအဆင့်တွင်ရရှိသည့် သင်ခန်းစာများမှာ လာမည့်နှစ် ဘတ်ဂျက် ပြင်ဆင်ရာတွင် ပံ့ပိုးနိုင်မည်ဖြစ်ပါသည်။

- စာရင်းစစ်အစီရင်ခံစာ **(Audit Report)**

## ၁.၂ ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းစဉ် ပြက္ခဒိန်

### ဇန်နဝါရီလ

- ဘတ်ဂျက်အမှာစာ ထုတ်ပြန်ခြင်း
- ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ထောက်ပံ့ငွေ အကြောင်းကြားခြင်း

### ဖေဖော်ဝါရီလ

- ပြည်နယ်ဘတ်ဂျက်ပါ ဌာန၊အဖွဲ့အစည်းများက ဘတ်ဂျက်အဆိုပြုချက်များတင်ပြခြင်း
- ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက စိစစ်ခြင်း

### မတ်လ

- ပြည်နယ်အစိုးရအဖွဲ့က စိစစ်၍ ပြည်နယ်လွှတ်တော်သို့ပေးပို့ခြင်း၊
- လွှတ်တော်ကစိစစ်၍ပြန်လည်ပေးပို့ခြင်း

### ဧပြီလ

- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်) သို့ ပေးပို့တင်ပြခြင်း

### မေလ

- ပြည်ထောင်စု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်ခြင်းနှင့် ဒုတိယသမ္မတမှ စိစစ်ခြင်း

### ဇွန်လ

- ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး

### ဇူလိုင်လနှင့် ဩဂုတ်လ

- ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း၊
- ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခြင်း

### စက်တင်ဘာလ

- ပြည်ထောင်စုလွှဲပြောင်းထောက်ပံ့ငွေကို အတည်ပြုခြင်း၊ အကြောင်းကြားခြင်း၊
- ပြည်နယ်လွှတ်တော်သို့ ဥပဒေကြမ်း တင်သွင်းခြင်းနှင့် အတည်ပြုခြင်း၊
- ပြည်နယ်ဝန်ကြီးချုပ်က ဥပဒေအဖြစ် လက်မှတ်ရေးထိုး ပြဌာန်းခြင်း

ပြည်သူများပါဝင်ရေးဆွဲခွင့်ရှိသော ဘတ်ဂျက်လုပ်ငန်းစဉ်မှာ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲသည့် နည်းလမ်းတစ်ရပ်ဖြစ်ပြီး၊ အစိုးရနှင့် ပြည်သူကို တိုက်ရိုက်ထိတွေ့စေပါသည်။ ဒီမိုကရေစီလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် အဆိုပါနည်းလမ်းတွင် ရပ်ရွာအတွင်းရှိ ပြည်သူများက ပြည်သူ့ဘဏ္ဍာငွေများကို မည်သို့မည်ပုံသုံးစွဲမည်ကို တိုက်ရိုက်ပါဝင်ရွေးချယ်ကြခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်းဖြင့် ပြည်သူ့လိုအပ်ချက်၊ လိုလားချက်များနှင့်ကိုက်ညီသည့်၊ ထိရောက်မှုရှိသည့် အသုံးစရိတ်များဖြစ်စေပါသည်။


ဘတ်ဂျက်ပွင့်လင်းမြင်သာမှုစာစောင်များမှတဆင့် ပြည်ထောင်စု၏၊ ဒေသ၏ ပြည်သူ့ဘဏ္ဍာရေးအခြေအနေများအပေါ် သိရှိနားလည်မှုများကို အခြေခံ၍ ပြည်သူများက အစိုးရဌာန တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အတူ စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပိုမို ပါဝင်လာကြနိုင်စေရန် ရည်ရွယ်အပ်ပါသည်။

# အခန်း (၂) ကရင်ပြည်နယ်၏ မေခရိုစီးပွားရေးမျှော်မှန်းချက်

## ၂.၁ ကဏ္ဍအလိုက် ပြည်နယ်စီးပွားရေးဆိုင်ရာအချက်အလက်များ


**ကရင်ပြည်နယ် ဂျီဒီပီ**

၂၀၁၇-၂၀၁၈ နှင့် ၂၀၁၈-၂၀၁၉ ၊ ကျပ်သန်းပေါင်း




**ကရင်ပြည်နယ်၏ ဂျီဒီပီတွင် ကဏ္ဍအလိုက်ပါဝင်မှု**


၂၀၁၈-၂၀၁၉ ၊ ပါဝင်မှုရာခိုင်နှုန်း




ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) မှာ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ယခင်နှစ်ကထက် ၇.၅ ရာခိုင်နှုန်း တိုးတက်၍ ကျပ် ၁၈၈၆၃၀၄ သန်း ရှိမည်ဟုခန့်မှန်းပါသည်။ ပြည်နယ်၏ စီးပွားရေးအတွက် လယ်ယာကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍတို့မှာ အရေးပါပြီး၊ ၎င်းကဏ္ဍ ၄ ခု မှာ ပြည်နယ်ဂျီဒီပီတွင် ၇၅ ရာခိုင်နှုန်းခန့် ပါဝင်ပါသည်။ ကျန်စီးပွားရေးကဏ္ဍများဖြစ်သည့် သားငါးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ သတ္တုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတို့မှာလည်း ပိုမို အရေးပါလာနိုင်သည့်ကဏ္ဍများ ဖြစ်ပါသည်။

**ကရင်ပြည်နယ်၏ဂျီဒီပီတွင် ကဏ္ဍအလိုက် တိုးတက်မှုနှုန်း**

၂၀၁၇-၁၈ နှင့်နှိုင်းယှဉ်လျှင် ၂၀၁၈-၁၉ ၌ တိုးတက်မှုရာခိုင်နှုန်း





ပြည်နယ်၏ စီးပွားရေးကဏ္ဍများအားလုံးတွင် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများ ဖြစ်ထွန်းလျက်ရှိပြီး သစ်တော၊ သတ္တုတွင်းထွက်၊ ဆောက်လုပ်ရေး၊ ငွေရေးကြေးရေးနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှာ နှစ်အလိုက် လျှင်လျှင်မြန်မြန် တိုးတက်လာပါသည်။ ကဏ္ဍစုံ စီးပွားရေးတိုးတက်မှု ဆက်လက်ကောင်းမွန်ရေးအပြင် ဒေသ၏စီးပွားရေးတွင် ၂၆ ရာခိုင်နှုန်းပါဝင်သည့် လယ်ယာကဏ္ဍ၏တိုးတက်နှုန်း ပိုမိုအားကောင်းလာရန်လည်း အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

# ၂.၂ ခရိုင်အလိုက်ပြည်နယ်စီးပွားရေးဆိုင်ရာ အချက်အလက်များ

**ခရိုင်အလိုက် ဂျီဒီပီ**


၂၀၁၈ - ၂၀၁၉၊ ပါဝင်မှု ရာခိုင်နှုန်း ၊ (ကျပ်သန်းပေါင်း)




ကရင်ပြည်နယ်၏ စီးပွားရေးတွင် ဘားအံခရိုင်မှာ အဓိကကျပြီး၊ ပြည်နယ်စီးပွားရေး၏ ၅၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ ကျန်ခရိုင်များဖြစ်သည့် ကော့ကရိတ်ခရိုင်၊ မြဝတီခရိုင်နှင့် ဖာပွန်ခရိုင်တို့မှာ ပြည်နယ်စီးပွားရေးတွင် ၂၉ ရာခိုင်နှုန်း၊ ၁၂ ရာခိုင်နှုန်းနှင့် ၃ ရာခိုင်နှုန်း အသီးသီးပါဝင်ပါသည်။


## ဘားအံ ခရိုင်

| | ဂျီဒီပီ တန်ဖိုး | ပါဝင်မှု % |
|---|---|---|
| လယ်ယာကဏ္ဍကြီး | ၃၁၉,၀၁၉ | ၃၀% |
| စက်မှုကဏ္ဍကြီး | ၂၄၆,၁၀၇ | ၂၄% |
| ဝန်ဆောင်မှုကဏ္ဍကြီး | ၄၈၆,၀၃၈ | ၄၆% |





## ကော့ကရိတ် ခရိုင်

| | ဂျီဒီပီ တန်ဖိုး | ပါဝင်မှု % |
|---|---|---|
| လယ်ယာကဏ္ဍကြီး | ၂၄၉,၂၉၁ | ၄၅% |
| စက်မှုကဏ္ဍကြီး | ၁၀၃,၈၉၆ | ၁၉% |
| ဝန်ဆောင်မှုကဏ္ဍကြီး | ၁၉၅,၂၄၅ | ၃၆% |





## မြဝတီ ခရိုင်

| | ဂျီဒီပီ တန်ဖိုး | ပါဝင်မှု % |
|---|---|---|
| လယ်ယာကဏ္ဍကြီး | ၄၄,၅၇၈ | ၁၉% |
| စက်မှုကဏ္ဍကြီး | ၇၃,၉၇၇ | ၃၂% |
| ဝန်ဆောင်မှုကဏ္ဍကြီး | ၁၁၄,၈၈၇ | ၄၉% |




## ဖာပွန် ခရိုင်


| | ဂျီဒီပီ တန်ဖိုး | ပါဝင်မှု % |
|---|---|---|
| လယ်ယာကဏ္ဍကြီး | ၁၉,၆၁၅ | ၃၇% |
| စက်မှုကဏ္ဍကြီး | ၉,၃၃၆ | ၁၇% |
| ဝန်ဆောင်မှုကဏ္ဍကြီး | ၂၄,၃၁၅ | ၄၆% |




## ၂.၃ ကရင်ပြည်နယ်၏ဘတ်ဂျက်ဆိုင်ရာ အချက်အလက်များ

**ကရင်ပြည်နယ်ဘတ်ဂျက် စုစုပေါင်းရငွေနှင့် အသုံးစရိတ်**

၂၀၁၆ - ၂၀၁၇ မှ ၂၀၁၈ - ၂၀၁၉ ၊ ကျပ်သန်းပေါင်း




## ၂.၄ အစိုးရဘတ်ဂျက်နှင့် စီးပွားရေး




### အစိုးရ၏ရငွေများ

အစိုးရ၏ လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများအတွက်သုံးစွဲရန် လိုအပ်သည့်ဘဏ္ဍာငွေကို အခွန်အကောက်ရငွေများ၊ အခြားရငွေများနှင့် ပြည်ထောင်စုအစိုးရ၏ လွှဲပြောင်းထောက်ပံ့ငွေများမှရရှိပါသည်။ (ပြည်နယ်အစိုးရဘတ်ဂျက်ရငွေများကို အခန်း ၃ တွင် ဆက်လက်ဖော်ပြသွားပါမည်)

### အစိုးရ၏အသုံးစရိတ်များ

ကရင်ပြည်နယ်အစိုးရက စိုက်ပျိုးရေးကဏ္ဍ၊ ကျေးလက်ကဏ္ဍတို့တွင် ပြည်ထောင်စုအစိုးရနှင့် တာဝန်ဝတ္တရားများ မျှဝေ၍ လည်းကောင်း၊ မြူနီစီပယ်ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်ရေးအတွက်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးကဲ့သို့သော အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်ရေးအတွက်လည်းကောင်း ဦးစားပေးသုံးစွဲလျက်ရှိပါသည်။ (ပြည်နယ်အစိုးရဘတ်ဂျက်အသုံးစရိတ်များကို အခန်း ၄ တွင် ဆက်လက်ဖော်ပြပါမည်)

### မျှော်မှန်းရလဒ်


အစိုးရက ပြည်သူများ၏လူမှုဘဝတိုးတက်ကောင်းမွန်စေရန်နှင့် ကုန်စည်နှင့်သတင်းအချက်အလက်များ လွယ်ကူချောမွေ့စွာစီးဆင်းနိုင်ရန် အခြေခံအဆောက်အအုံများတွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံလျက်ရှိပါသည်။ အခြေခံအဆောက်အအုံများ ပို၍ကောင်းမွန်စေခြင်းဖြင့် လုပ်ငန်းကုန်ကျစရိတ်များ လျှော့ချနိုင်ပြီး စီးပွားရေးကဏ္ဍများနှင့်အလုပ်အကိုင်များကို တိုးတက်ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ စီးပွားရေးအခြေအနေကောင်းတစ်ရပ် ဖြစ်ထွန်းလာပါက ပိုမို၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အစိုးရအခွန်ဘဏ္ဍာဝင်ငွေများကို ပိုမိုရရှိစေမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများက ပေးဆောင်ရမည့်အခွန်အခများကိုမှန်ကန်စွာ ပေးဆောင်ခြင်းဖြင့် အားလုံးပါဝင်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအားထုတ်ရာတွင် အစိုးရကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

# အခန်း(၃) ကရင်ပြည်နယ်ဘတ်ဂျက် ဘဏ္ဍာရငွေများ

## ၃.၁ ကရင်ပြည်နယ်ဘတ်ဂျက် ဘဏ္ဍာရငွေများအပေါ် ရှင်းလင်းချက်

**ကရင်ပြည်နယ်၏ဘတ်ဂျက်ရငွေများ**

၂၀၁၈ - ၂၀၁၉၊ ကျပ်သန်းပေါင်း



**ကိုယ်တိုင်ရှာဖွေ ရငွေများ**

| | |
|---|---|
| အခွန်အကောက်ရငွေ | ကျပ် ၇၀၉ သန်း |
| အခြားသာမန်ရငွေ | ကျပ် ၃,၇၂၄ သန်း |

**လွှဲပြောင်းထောက်ပံ့ငွေများ**

| | |
|---|---|
| အထွေထွေလွှဲပြောင်းထောက်ပံ့ငွေ | ကျပ် ၇၉,၁၁၅ သန်း |
| အခွန်ဝေစု | ကျပ် ၅,၁၅၂ သန်း |
| ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ရငွေ | ကျပ် ၇၀၀ သန်း |

ကရင်ပြည်နယ်ဘတ်ဂျက်ပါ ရငွေများကို ယေဘုယျအားဖြင့် (၁) ပြည်နယ်က ကိုယ်တိုင်ရှာဖွေရရှိငွေများနှင့် (၂) ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေမှရငွေများ ဟူ၍ ခွဲခြားနိုင်ပါသည်။

(၁) ပြည်နယ်က ကိုယ်တိုင်ရှာဖွေရရှိငွေများတွင်

၁ - က ပြည်နယ်အခွန်အကောက်ရငွေ **(Tax revenue)**

၁ - ခ အခြားသာမန်ရငွေ **(Other current revenue)** ဟူ၍လည်းကောင်း

(၂) ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေများတွင်

၂ - က အထွေထွေ လိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေ **(Grant transfer)**

၂ - ခ အခွန်ဝေစုရငွေ **(Tax sharing)** နှင့်

၂ - ဂ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ **(Constituency Development Fund)** ဟူ၍လည်းကောင်း ခွဲခြားနိုင်ပါသည်။

၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဘတ်ဂျက်အသုံးစရိတ်အတွက် လိုအပ်သည့် ဘဏ္ဍာငွေကို ပြည်ထောင်စုမှ ကရင်ပြည်နယ်သို့ လွှဲပြောင်းထောက်ပံ့ငွေများမှ အဓိကရရှိမည်ဟု လျာထားပါသည်။ အထွေထွေ လိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေမှာကျပ် ၇၉၁၁၅ သန်း၊ အခွန်ဝေစုရငွေမှာ ကျပ် ၅၁၅၂ သန်းနှင့် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှာ ကျပ် ၇၀၀ သန်း အသီးသီးရရှိမည်ဖြစ်ပါသည်။ ပြည်နယ်၏ကိုယ်တိုင် ရှာဖွေရငွေများဖြစ်သည့် အခွန်အကောက်ရငွေမှာ ကျပ် ၇၀၉ သန်း နှင့် အခြား သာမန်ရငွေမှာ ကျပ် ၃၇၂၄ သန်း ရရှိမည်ဟု လျာထားပါသည်။ သို့ဖြစ်၍ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဘတ်ဂျက်အသုံးစရိတ်၏ ၉၅ ရာခိုင်နှုန်းကို ပြည်ထောင်စုလွှဲပြောင်းထောက်ပံ့ငွေများဖြင့် ဘဏ္ဍာငွေဖြည့်ဆည်းရမည်ဖြစ်ပြီး၊ ပြည်နယ်၏ ကိုယ်တိုင်ရှာဖွေရငွေမှာ စုစုပေါင်းအသုံးစရိတ်၏ ၅ ရာခိုင်နှုန်းသာ ရှိမည်ဖြစ်ပါသည်။

ရငွေအမျိုးအစားတစ်ရပ်ချင်းစီအလိုက်ကို ရှေ့တွင်ဆက်လက်၍ အသေးစိတ်ရှင်းလင်းပါမည်။

# ၃.၂ ပြည်နယ်၏ကိုယ်တိုင်ရှာဖွေရငွေများ


## ၃.၂-က ပြည်နယ်အခွန်အကောက်ရငွေ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေများ၏ ဇယား ၅ အရ တိုင်းဒေသကြီး၊ပြည်နယ်များကို ကောက်ခံခွင့်ပေးထားသည့်အခွန်အခများအနက် ကရင်ပြည်နယ် ဘတ်ဂျက်တွင်ပါဝင်သည့်ဦးစီးဌာန ၄ ခုက အခွန်အမျိုးအစား ၈ မျိုးကို ကောက်ခံပါသည်။

**ကရင်ပြည်နယ်၏အခွန် ရငွေများ**

၂၀၁၈-၂၀၁၉ ၊ ကျပ်သန်းပေါင်း


| ဌာန | အခွန်အမျိုးအစား | အခွန်ရငွေ (ကျပ်သန်းပေါင်း) |
|---|---|---|
| ပြည်နယ်အစိုးရအဖွဲ့ | ရေခွန် | ၁ |
| အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ယစ်မျိုးခွန် | ၂၀၈ |
| | မြေယာခွန် | ၇၅ |
| | ဓါတ်သတ္တုခွန် | ၅၀ |
| ငါးလုပ်ငန်းဦးစီးဌာန | အင်းအိုင်ခွန် | ၆၇ |
| သစ်တောဦးစီးဌာန | သစ်တောထွက် ပစ္စည်းခွန် | ၅၄ |
| စည်ပင်သာယာရေးအဖွဲ့များ | ပစ္စည်းခွန် | ၂၆၈ |
| | ဘီးခွန် | ၇ |




ကရင်ပြည်နယ်၏ အခွန်ရငွေမှာ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၇၀၉ သန်း ကောက်ခံရရှိမည်ဟု လျာထားပါသည်။ အခွန်အမျိုးအစားများအနက် ပစ္စည်းခွန်နှင့် ယစ်မျိုးခွန်တို့မှအခွန်ရငွေမှာ အများဆုံးဖြစ်ပြီး၊ အခွန်အကောက်ရငွေစုစုပေါင်း၏ ၃၈ ရာခိုင်နှုန်းနှင့် ၂၉ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။ ကျန်အခွန်ရငွေများမှာ ပမာဏအားဖြင့် ကျပ် ၂၃၃ သန်း ရှိပြီး၊ အခွန်ရငွေ၏ ၃၃ ရာခိုင်နှုန်း ဖြစ်ပါသည်။

**ကရင်ပြည်နယ်၏ နှစ်အလိုက် အခွန်ရငွေ**

၂၀၁၆-၂၀၁၇ မှ ၂၀၁၈-၂၀၁၉ ၊ ကျပ်သန်းပေါင်း





ကရင်ပြည်နယ်၏ အခွန်အကောက်ရငွေမှာ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် နှစ်အလိုက် ကျပ် ၁၈၆ သန်း လျော့နည်းကောက်ခံရရှိမည်ဟု ခန့်မှန်းပြီး၊ ပြည်နယ်တစ်ခုလုံးအခွန်ရငွေ ကျပ်၇၀၉သန်းမှာ ပြည်နယ်အတွင်း မှီတင်းနေထိုင်သူ လူတစ်ဦးကျလျှင် ၄၅၀ ကျပ်ခန့်သာ ကောက်ခံနိုင်ခြင်းဖြစ်ပါသည်။

မှတ်ချက် - ဖော်ပြပါသရုပ်ဖော်ပုံများတွင် ကောက်ခံရရှိမှုနည်းသည့် ရေခွန်ကို ထည့်သွင်းဖော်ပြမထားပါ။

## ၃.၂-ခ အခြားသာမန်ရငွေများ


**ဌာနအလိုက် အခြားသာမန်ရငွေ**

၂၀၁၈-၂၀၁၉ ၊ ကျပ်သန်းပေါင်း




**ဌာနအလိုက် အခြားသာမန်ရငွေ**

၂၀၁၆-၂၀၁၇ မှ ၂၀၁၈-၂၀၁၉ ၊ ကျပ်သန်းပေါင်း




ကရင်ပြည်နယ်ဘတ်ဂျက် သာမန်ရငွေများမှာ လိုင်စင်ကြေးမှ ရငွေများ၊ ဒဏ်ကြေးမှရငွေများ၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းမှရငွေများ၊ ဌာနပိုင်မြေ၊ အဆောက်အအုံ၊ ဆိုင်ခန်းများ ငှားရမ်းခြင်းမှရငွေများ စသည့် အခွန်မဟုတ်သည့် အမျိုးမျိုးသော သာမန်ရငွေများ ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့များက အခြားသာမန်ရငွေများမှ ကျပ်၃,၂၉၀ သန်း ရရှိမည်ဟု လျာထားသည့်အတွက် ပြည်နယ်ဘတ်ဂျက် အခြားသာမန်ရငွေစုစုပေါင်း၏ ၈၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ ၂၀၁၆-၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ စည်ပင်သာယာရေးအဖွဲ့များက ရှာဖွေရရှိသည့် အခြားသာမန်ရငွေမှာ ၎င်းရငွေစုစုပေါင်းတွင် ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်း အတွင်း ပါဝင်ပါသည်။

# ၃.၃ ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေများ

## ၃.၃-က အထွေထွေလွှဲပြောင်းထောက်ပံ့ငွေ

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ဘတ်ဂျက်အသုံးစရိတ်ကို ကိုယ်တိုင်ရှာဖွေရငွေဖြင့် လုံလောက်အောင်မဖြည့်ဆည်းနိုင်သည့်အတွက် ပြည်ထောင်စုမှလွှဲပြောင်းထောက်ပံ့ငွေများဖြင့် ဘဏ္ဍာငွေပံ့ပိုးပါသည်။ ပြည်ထောင်စုကဘဏ္ဍာငွေထောက်ပံ့သည့်နည်းလမ်း ၃ ရပ်အနက် အထွေထွေလွှဲပြောင်းထောက်ပံ့ငွေအမျိုးအစားဖြင့် ထောက်ပံ့ငွေမှာ အများဆုံး ဖြစ်ပါသည်။


စုစုပေါင်းပြည်ထောင်စု၏ အထွေထွေလွှဲပြောင်းထောက်ပံ့ငွေမှ တိုင်းဒေသကြီး/ပြည်နယ်များအလိုက်သို့ ခွဲဝေထောက်ပံ့မှုကို တွက်ချက်မှုနည်း လမ်းဖြင့် ညွှန်ကိန်း ၆ ခုအသုံးပြု၍ ခွဲဝေပေးပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် -
အသုံးစရိတ်လိုအပ်ချက်များအတွက် ညွှန်ကိန်း ၃ ခု

- တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေ
- ဆင်းရဲနွမ်းပါးမှုညွှန်းကိန်း
- မြေဧရိယာ အကျယ်အဝန်း


ဘဏ္ဍာငွေလိုအပ်ချက်များအတွက် ညွှန်းကိန်း ၃ ခု

- တိုင်းဒေသကြီး/ပြည်နယ်အလိုက် တစ်ဦးကျဂျီဒီပီ
- မြို့ပြလူဦးရေ
- တစ်ဦးကျအခွန်ကောက်ခံရရှိမှု




**ဘဏ္ဍာရငွေစုစုပေါင်းနှင့် အထွေထွေလွှဲပြောင်းထောက်ပံ့ငွေ**

၂၀၁၆-၂၀၁၇ မှ ၂၀၁၈-၂၀၁၉ ၊ ကျပ်သန်းပေါင်း





ပြည်နယ်ဘတ်ဂျက်အတွက် အရေးအကြီးဆုံး ဘဏ္ဍာရင်းမြစ်မှာ ပြည်ထောင်စု၏ အထွေထွေလွှဲပြောင်းထောက်ပံ့ငွေမှ ရငွေဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၏ အထွေထွေလွှဲပြောင်းထောက်ပံ့ငွေမှ ကျပ် ၇၉,၁၁၅ သန်း ရရှိမည်ဟုလျာထားရာ ပြည်နယ်ဘတ်ဂျက်ရငွေစုစုပေါင်း၏ ၈၈ ရာခိုင်နှုန်းဖြစ်ပါသည်။

## ၃.၃ - ခ အခွန်ဝေစုမှ ရငွေ

ဒေသအလိုက် လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်တွင်းအခွန်များဦးစီးဌာနကကောက်ခံသော ကုန်သွယ်လုပ်ငန်းခွန်၊ အထူး ကုန်စည်ခွန်၊ ဝင်ငွေခွန်နှင့်တံဆိပ်ခေါင်းခွန်တို့မှ ရငွေများကို တိုင်းဒေသကြီး၊ ပြည်နယ်သို့အခွန်ဝေစုအဖြစ် ပြန်လည် ခွဲဝေပေးပါသည်။

အခွန်ဝေစုကို ခွဲဝေပေးရာတွင် နိုင်ငံပိုင်အခန်းကဏ္ဍမှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅ ရာခိုင်နှုန်း နှင့် အထူးကုန်စည်ခွန်၏ ၁၅ ရာခိုင်နှုန်းကို အထွေထွေလွှဲပြောင်းထောက်ပံ့ငွေတွက်ချက်သည့်ညွှန်ကိန်း ၆ ခုဖြင့် တွက်ချက်၍ ခွဲဝေပေးပါသည်။ သမဝါယမအခန်းကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန် ၏ ၁၅ ရာခိုင်နှုန်း၊ အထူး ကုန်စည်ခွန်၏ ၁၅ ရာခိုင်နှုန်း၊ ဝင်ငွေခွန်၏ ၅ ရာခိုင်နှုန်း နှင့် တံဆိပ် ခေါင်းခွန်၏ ၂ ရာခိုင်နှုန်းတို့ကို ကောက်ခံရရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်သို့ ခွဲဝေပေးပါသည်။







၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ဘတ်ဂျက်ရငွေတွင် ပြည်ထောင်စုမှ ပြန်လည် ခွဲဝေပေးသည့် အခွန်ဝေစုမှ ကျပ် ၅,၁၅၂ သန်း ရရှိမည်ဟု လျာထားပါသည်။ ၎င်းပမာဏမှာ ပြည် နယ်ဘတ်ဂျက်ရငွေစုစုပေါင်း၏ ၅ ရာခိုင်နှုန်းရှိပါသည်။ အခွန်ဝေစုရငွေမှာလည်း ပြည်နယ်စီးပွား ရေးတိုးတက်လာခြင်းနှင့်အတူ အနာဂတ်တွင် ပိုမို အရေးပါလာမည့် ရငွေအမျိုးအစားဖြစ်ပါသည်။

## ၃.၃ - ဂ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေအရ ပေးသည့်မဲဆန္ဒနယ်ဖွံ့ဖြိုးရေးထောက်ပံ့ငွေ

၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေအရ လွှဲပြောင်းထောက်ပံ့ငွေဖြစ်ပါသည်။ မြို့နယ်တစ်မြို့နယ်လျှင် ကျပ် သန်း ၁၀၀ စီ ထောက်ပံ့သည့်အတွက် ကရင်ပြည်နယ်အတွက် ကျပ် သန်း ၇၀၀ ရရှိပြီး မြို့နယ် အဆင့်တွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက စီမံခန့်ခွဲပါသည်။

## ၃.၄ မည်သည့်အတွက် အခွန်ပေးဆောင်ရသလဲ။

အစိုးရတစ်ရပ်၏ အခန်းကဏ္ဍသည် ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးရှိစေမည့် ပြည်သူ့ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်ဖြစ်ပြီး၊ လမ်းတံတားများ တည်ဆောက်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများပေးခြင်း၊ တရားဥပဒေစိုးမိုးစေခြင်း စသည်တို့ပါဝင်ပါသည်။ အစိုးရ၏ ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာရေးမှာ နိုင်ငံသားတစ်ဦးချင်းစီက ပေးဆောင်သည့်အခွန်အပေါ်လည်း မှီခိုရပါသည်။ အခွန်ကို အချိန်နှင့်တပြေးညီ မှန်ကန်စွာပေးဆောင်ခြင်းက နိုင်ငံသားတစ်ဦးချင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီအတွက် အကောင်းဆုံး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ အစိုးရကလည်း ဒေသတစ်ခုလုံး၊ နိုင်ငံတစ်ခုလုံးကို ပိုမိုသာယာဝပြောသောအခြေအနေသို့ ရောက်ရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။




# အခန်း (၄) ကရင်ပြည်နယ်ဘတ်ဂျက် အသုံးစရိတ်များ

## ၄.၁ ကရင်ပြည်နယ်၏ ဘတ်ဂျက်တွင် မည်သည့်အသုံးစရိတ်များ ပါဝင်ပါသလဲ။

အစိုးရ၏အသုံးစရိတ်များတွင် ဝန်ထမ်းလစာစရိတ်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသည့်စရိတ်များ၊ ပြည်သူ့ရေးရာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများနှင့် ထောက်ပံ့ငွေအသုံးစရိတ်များ စသည်တို့ ပါဝင်ပါသည်။ အစိုးရ၏အသုံးစရိတ်များကို ဌာနဆိုင်ရာများ၏ ပြည်သူ့ဝန်ဆောင်မှုများအတွက် သာမန်ကုန်ကျစရိတ်နှင့် အခြေခံအဆောက်အအုံ၊ စက်ယန္တယား စသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်များဟူ၍ အကြမ်းဖျင်းခွဲခြားနိုင်ပါသည်။ ကရင်ပြည်နယ်အတွက် အစိုးရအသုံးစရိတ်များတွင် ပြည်ထောင်စုအစိုးရဘတ်ဂျက်မှလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှလည်းကောင်း အသုံးစရိတ်များ ပါဝင်ပါသည်။ ယခုစာစောင်မှာ ကရင်ပြည်နယ်၏ဘတ်ဂျက်ကို ရှင်းလင်းဖော်ပြသည့်စာစောင်ဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်အသုံးစရိတ်များကိုသာ အလေးပေးတင်ပြသွားမည်ပြီး ယခု အခန်း၏ နောက်ဆုံးအပိုင်းတွင် ကရင်ပြည်နယ်အတွင်း ပြည်ထောင်စုဘတ်ဂျက်မှသုံးစွဲသည့် ငွေလုံးငွေရင်းအသုံးစရိတ်များကိုလည်း အကျဉ်းချုပ်ဖော်ပြပါမည်။

**တိုင်းဒေသကြီး၏ဘတ်ဂျက် အသုံးစရိတ်များအပေါ် ရှင်းလင်းချက်**


၂၀၁၆ - ၂၀၁၇ မှ ၂၀၁၈ - ၂၀၁၉




ကရင်ပြည်နယ်၏ ဘတ်ဂျက်အသုံးစရိတ်မှာ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၈၉၄၀၁ သန်း ရှိမည်ဟု လျာထားပါသည်။ ပြည်နယ်ဘတ်ဂျက်၏ ၁၉ ရာခိုင်နှုန်းနှင့်ညီမျှသည့် ကျပ် ၁၇၀၆၈ သန်းကို သာမန်အသုံးစရိတ်များအတွက်သုံးစွဲရန် လျာထားပြီး၊ ကျန် ၈၁ ရာခိုင်နှုန်းဖြစ်သည့် ကျပ် ၇၂၃၃၃ သန်းကို ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် သုံးစွဲရန် လျာထားပါသည်။

**ပြည်နယ်ဘတ်ဂျက်တွင် ဌာနအလိုက်အသုံးစရိတ်ပါဝင်မှု**


၂၀၁၆ - ၂၀၁၇ မှ ၂၀၁၈ - ၂၀၁၉ ၊ ပါဝင်မှုရာခိုင်နှုန်း



ကရင်ပြည်နယ်၏ဘတ်ဂျက်ကို ဌာနအလိုက်သုံးစွဲမှုကိုကြည့်လျှင် လမ်းဦးစီးဌာန၊ အစိုးရအဖွဲ့ရုံး၊ စည်ပင်သာယာရေးအဖွဲ့များ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှာ သုံးစွဲမှုအများဆုံးဖြစ်ပါသည်။ လမ်းဦးစီးဌာန၏ အသုံးစရိတ်မှာ ပြည်နယ်ဘတ်ဂျက်စုစုပေါင်း၏ ၄၁ ရာခိုင်နှုန်းရှိပြီး၊ အစိုးရအဖွဲ့ရုံး၊ စည်ပင်သာယာရေးအဖွဲ့များနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့၏ အသုံးစရိတ်မှာ စုစုပေါင်း၏ ၁၉ ရာခိုင်နှုန်းနှင့် ၁၁ ရာခိုင်နှုန်းစီ ဖြစ်ပါသည်။

**ဌာနကြီးများ၏ စုစုပေါင်းအသုံးစရိတ်တွင် ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်ပါဝင်မှု**

၂၀၁၈ - ၂၀၁၉ ၊ ပါဝင်မှု ရာခိုင်နှုန်း





ပြည်နယ်ဘတ်ဂျက်တွင် အသုံးစရိတ်အများဆုံးသုံးစွဲသည့် ဌာနကြီးများဖြစ်သည့် လမ်းဦးစီးဌာန၊ အစိုးရအဖွဲ့ရုံး၊ စည်ပင်သာယာရေးအဖွဲ့များနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၏ အသုံးစရိတ်အများစုမှာ ဒေသ၏ စီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သုံးစွဲသည့် ငွေလုံးငွေရင်းအသုံးစရိတ်များ ဖြစ်ပါသည်။ အခြားဌာနကြီးများအနက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှာ ပြည်သူ့ရေးရာဝန်ဆောင်မှုများ ပေးရသည့် ဌာနများဖြစ်သည့်အားလျော်စွာ သာမန်အသုံးစရိတ်သုံးစွဲမှုအချိုးမှာ ငွေလုံးငွေရင်းအသုံးစရိတ်သုံးစွဲမှုထက် ပိုမိုပါ သည်။

## ၄.၂ သာမန်အသုံးစရိတ်များ

**ပြည်နယ်၏ သာမန်အသုံးစရိတ် အမျိုးအစားအလိုက်**


၂၀၁၈ - ၁၉ ခု ၊ ပါဝင်မှု ရာခိုင်နှုန်း



၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်ဘတ်ဂျက်၏ သာမန်အသုံးစရိတ် ကျပ် ၁၇၀၆၈ သန်း ရှိမည်ဟု လျာထားသည့်အနက် ဝန်ထမ်းလစာ၊ စရိတ်နှင့်ချီးမြှင့်ငွေများမှာ ၅၉ ရာခိုင်နှုန်းပါဝင်၍ ကျပ် ၁၀၀၄၃ သန်း ရှိမည် ဖြစ်ပါသည်။ အခြားသာမန်အသုံးစရိတ်အမျိုးအစားများအနက် ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ခြင်းတို့အတွက် ကုန်ကျစရိတ်/လုပ်အားခနှင့်ပြင်ဆင်ထိန်းသိမ်းရေးစရိတ်များအတွက် အသုံးစရိတ်တို့မှာ ၁၇ ရာခိုင်နှုန်းနှင့် ၁၄ ရာခိုင်နှုန်း အသီးသီး ပါဝင်ပါသည်။

**ပြည်နယ်၏သာမန်အသုံးစရိတ်တွင် အမျိုးအစားအလိုက်ပါဝင်မှု**

၂၀၁၆ - ၂၀၁၇ မှ ၂၀၁၈ - ၂၀၁၉ ၊ ကျပ်သန်းပေါင်း




## ၄.၃ ငွေလုံးငွေရင်းအသုံးစရိတ်များ

**ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်းအသုံးစရိတ်**


၂၀၁၆ - ၂၀၁၇ မှ ၂၀၁၈ - ၂၀၁၉ ၊ ကျပ်သန်းပေါင်း




ကရင်ပြည်နယ်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြန်ဆန်လာစေရေး၊ ဖွံ့ဖြိုးမှုနိမ့်သည့်ဒေသများ အလျင်အမြန်တိုးတက်လာစေရေးနှင့် လူမှုစီးပွားဘဝများ ဟန်ချက်ညီညီ တိုးတက်လာစေရေးတို့အတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာငွေလုံးငွေရင်းအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလာလျက်ရှိပါသည်။ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၇၂၃၃၃ သန်း သုံးစွဲမည်ဟု လျာထားပါသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာငွေလုံးငွေရင်းအသုံးစရိတ်များကို မည်သည့်ကဏ္ဍများအတွက် ဦးစားပေးသုံးစွဲလျက်ရှိသည်ကို ဆက်လက်ရှင်းလင်းပါမည်။

## ပြည်နယ်၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ဌာနအလိုက်ပါဝင်မှု


၂၀၁၈ - ၁၉ ၊ ပါဝင်မှုရာခိုင်နှုန်း




ကရင်ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်းအသုံးစရိတ်၏ ၄၇ ရာခိုင်နှုန်းကို လမ်းဦးစီးဌာနကလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို ပြည်နယ်အစိုးရအဖွဲ့ကလည်းကောင်း၊ ၁၄ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကလည်း ကောင်း၊ စည်ပင်သာယာရေးအဖွဲ့များက ၁၂ ရာခိုင်နှုန်းကိုလည်းကောင်း အသီးသီးသုံးစွဲပြီး၊ ကျန် ၇ ရာခိုင်နှုန်းကို အခြား ဌာန၊ အဖွဲ့အစည်းများက သုံးစွဲပါသည်။

## ပြည်နယ်၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ဌာနအလိုက်ပါဝင်မှု

၂၀၁၆ - ၁၇ မှ ၂၀၁၈ - ၁၉ ၊ ပါဝင်မှုရာခိုင်နှုန်း





ပြီးခဲ့သည့် ဘဏ္ဍာရေးကာလ ၄ ခုတွင် ကရင်ပြည်နယ်၏ဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်ကို ဌာနအလိုက် ခွဲဝေသုံးစွဲမှုရာခိုင်နှုန်းမှာ အပြောင်းအလဲ အနည်းငယ်သာရှိခဲ့သည်ကို အထက်ဖော်ပြပါ သရုပ်ဖော်ပုံတွင် တွေ့နိုင်ပါသည်။ လမ်းဦးစီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် စည်ပင်သာယာရေးအဖွဲ့များမှာ ငွေလုံး ငွေရင်းအသုံးစရိတ်များကို အများဆုံးသုံးစွဲပါသည်။ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်အတွင်းရှိ စည်ပင် သာယာရေး အသုံးစရိတ်များမှာ ပါဝင်မှုရာခိုင်နှုန်းအားဖြင့်လည်းကောင်း (စုစုပေါင်း ပြည်နယ်ငွေလုံးငွေရင်းအသုံးစရိတ်၏ ၁၂ ရာခိုင်နှုန်း)၊ ကျပ်ငွေပမာဏ (ကျပ် ၈၆၇၈ သန်း) အားဖြင့်လည်းကောင်း မြင့်တက်လာမည်ဟု လျာထားပါသည်။

## ကရင်ပြည်နယ်အတွက် ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ အသုံးစရိတ်များ

အထက်တွင်ဆိုခဲ့သည့်အတိုင်း ကရင်ပြည်နယ်အတွင်း အစိုးရအသုံးစရိတ်များကို ပြည်ထောင်စုဘတ်ဂျက်မှ အသုံးစရိတ်များနှင့် ပြည်နယ်ဘတ်ဂျက်မှ အသုံးစရိတ်များဟူ၍ ခွဲခြားနိုင်ပါသည်။ ပြည်နယ်ဘတ်ဂျက်မှ အသုံးစရိတ်များကို ယခင်စာမျက်နှာများတွင် အကျယ်တဝင့် ရှင်းလင်းပြီးဖြစ်ပါသည်။ ကရင်ပြည်နယ်အတွက် အစိုးရအလွှာ ၂ ရပ်လုံးမှ အသုံးစရိတ်များကို ပြည့်ပြည့်စုံစုံ မြင်သာစေရန် ယခုစာမျက်နှာတွင် ပြည်ထောင်စုဘတ်ဂျက်မှ ကရင်ပြည်နယ်အတွင်း ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များကို ဖော်ပြသွားပါမည်။

### ကရင်ပြည်နယ်အတွက် ပြည်ထောင်စုဘတ်ဂျက်မှ ဝန်ကြီးဌာနအလိုက် ငွေလုံးငွေရင်းအသုံးစရိတ်

၂၀၁၈ - ၂၀၁၉ ၊ ကျပ်သန်းပေါင်း



| | |
|---|---|
| ၁၃,၀၇၁ သန်း | ပညာရေးဝန်ကြီးဌာန |
| ၇,၈၃၂ သန်း | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၆,၂၃၇ သန်း | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| ၆,၂၁၁ သန်း | နယ်စပ်ရေးရာ ဝန်ကြီးဌာန |
| ၄,၉၀၅ သန်း | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန |
| ၂,၄၂၇ သန်း | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၁,၂၂၆ သန်း | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| ၉၀၄ သန်း | အခြား ဝန်ကြီးဌာနများ |

### ပညာရေးဝန်ကြီးဌာန

| | |
|---|---|
| အခြေခံပညာဦးစီးဌာန | ၇,၅၃၇ သန်း |
| အဆင့်မြင့်ပညာဦးစီးဌာန | ၄,၃၅၈ သန်း |
| ဘားအံတက္ကသိုလ် | ၁,၆၀၈ သန်း |
| ကွန်ပျူတာတက္ကသိုလ် (ဘားအံ) | ၁,၅၃၂ သန်း |
| နည်းပညာတက္ကသိုလ် (ဘားအံ) | ၁,၂၀၇ သန်း |
| နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန | ၁,၁၇၇ သန်း |

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

| | |
|---|---|
| ကုသရေးဦးစီးဌာန | ၂,၄၄၈ သန်း |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၁,၅၃၈ သန်း |
| အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန | ၅၆၆ သန်း |
| တိုင်းရင်းဆေးပညာဦးစီးဌာန | ၃၂၁ သန်း |
| ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ် ဦးစီးဌာန | ၃၃ သန်း |

### ဆောက်လုပ်ရေး ဝန်ကြီးဌာန

| | |
|---|---|
| ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | ၃,၂၇၉ သန်း |
| တံတား ဦးစီးဌာန | ၃,၁၄၁ သန်း |
| လမ်း ဦးစီးဌာန | ၁,၄၁၂ သန်း |

### လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန

| | |
|---|---|
| လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၅,၃၇၀ သန်း |
| လျှပ်စစ်ဓါတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန | ၈၄၀ သန်း |
| မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | ၂၈ သန်း |


### နယ်စပ်ရေးရာ ဝန်ကြီးဌာန

| | |
|---|---|
| နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၅,၈၉၈ သန်း |
| ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန | ၃၁၂ သန်း |

# အခန်း(၅) အစိုးရဘတ်ဂျက်နှင့် ဖွံ့ဖြိုးရေးရလဒ်များ

ကရင်ပြည်နယ်အစိုးရအနေဖြင့် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် သုံးစွဲခြင်းတွင်ပြည်သူလူထု၏လိုအပ်ချက်အပေါ်အခြေခံရန် အရေးကြီးကြောင်း သိရှိနားလည်ပါသည်။ ကိန်းဂဏန်းအချက်အလက်များ ကောက်ယူရရှိမှု တိုးတက်လာသည်နှင့် အမျှပြည်သူများ၏လိုအပ်ချက်နှင့် ထင်ဟပ်သည့် ဘတ်ဂျက်ရေးဆွဲမှုများ ပို၍ ကောင်းမွန်လာစေမည်ဖြစ်ပါသည်။ အစိုးရ၏ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းပေါ် အခြေခံထားသည့် အောက်ဖော်ပြပါဇယားတွင် ကရင်ပြည်နယ်အတွင်း မြို့နယ်အလိုက် စာတတ်မြောက်မှုနှုန်းများကို ဖော်ပြထားရာ၊ ၎င်းအရ မြို့နယ်များအလိုက်သော်လည်းကောင်း၊ ကျား/မအရသော်လည်းကောင်း ပြည်သူလူထုလိုအပ်ချက်များ ကွဲပြားနေသည်ကို မြင်တွေ့နိုင်ပါသည်။ အနာဂတ်တွင် လူထု၏လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဒေသအလိုက်နှင့် ကျား/မအရ ကိန်းဂဏန်းအချက်အလက်များကောက်ယူရန် အရေးကြီးပါသည်။

ကရင်ပြည်နယ်အတွင်း မြို့နယ်အလိုက်၊ ကျား/မ အလိုက် စာတတ်မြောက်မှုနှုန်း (၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ)



## ဝေါဟာရအဓိပ္ပါယ်ဖွင့်ဆိုချက်များ




### ရငွေ

အစိုးရ၏ ရငွေများဖြစ်ပြီး၊ မူဝါဒအပြောင်းအလဲနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် မူဝါဒ နည်း လမ်းတစ်ရပ် ဖြစ်ပါသည်။ ရငွေများကို အဓိကအားဖြင့် (က) သာမန်ရငွေ၊ (ခ) ငွေလုံးငွေရင်းရငွေနှင့် (ဂ) ကြွေးမြီရငွေဟူ၍ ခွဲခြားနိုင်ပါသည်။

### သာမန်ရငွေ (Current Revenue)

သာမန်ရငွေတွင် အောက်ပါရငွေများ ပါဝင်သည် -

၁။ ပစ္စည်းများရောင်းချခြင်းနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ဒဏ်ငွေများနှင့် အခြားသာမန်ရငွေများ၊

၂။ တည်ဆဲဥပဒေအရ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက စီမံကောက်ခံသည့်အခွန်အကောက်ငွေများ၊

၃။ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ရရှိသော အတိုးရငွေများ၊

၄။ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ်ပေးသွင်းရသည့်ထည့်ဝင်ငွေများ၊

၅။ သာမန်အသုံးစရိတ်အတွက်ရရှိသော ပြည်ပအကူအညီရငွေများ။

### ငွေလုံးငွေရင်းရငွေ (Capital Revenue)

ငွေလုံးငွေရင်းရငွေတွင် အောက်ပါရငွေများပါဝင်သည် -

၁။ မတည်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း၊ ဖျက်သိမ်းလိုက်သော ဌာနအဖွဲ့အစည်းများ၏ သီးသန့်ရန်ပုံငွေများ လက်ခံရရှိခြင်းနှင့် မတည်အသုံးစရိတ်မှ ငွေပင်ငွေရင်းများ ပြန်လည်ရရှိသည့်ရငွေများ၊

၂။ ငွေလုံးငွေရင်းအသုံးစရိတ်အတွက်ရရှိသော ပြည်ပအကူအညီရငွေများ။

### ကြွေးမြီရငွေ (Financial Revenue)

ကြွေးမြီရငွေတွင် အောက်ပါရငွေများ ပါဝင်သည် -

၁။ ပြည်တွင်းမှ ချေးယူငွေအတွက်ရငွေများ၊

၂။ ပြည်ပမှ ချေးယူငွေအတွက် ရငွေများ၊

၃။ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေများ၊

၄။ စုဆောင်းငွေများ။

## အသုံးစရိတ်

အစိုးရအုပ်ချုပ်မှုယန္တယား လည်ပတ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုများပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်ကျစရိတ်များအတွက် အစိုးရ၏ ဘဏ္ဍာရင်းမြစ်များကို ခွဲဝေသုံးစွဲခြင်း ဖြစ်ပါသည်။ အသုံးစရိတ်များတွင် (က) သာမန်အသုံးစရိတ်၊ (ခ) ငွေလုံးငွေရင်းအသုံးစရိတ်နှင့် (ဂ) ကြွေးမြီအသုံးစရိတ်တို့ ပါဝင်ပါသည်။

## သာမန်သုံးငွေ (Current Expenditure)

သာမန်သုံးငွေတွင် အောက်ပါအသုံးစရိတ်များပါဝင်သည် -

၁။ နှစ်စဉ်ကုန်ကျရသည့် လစာစရိတ်ချီးမြှင့်ငွေ၊ ခရီးသွားလာစရိတ်၊ ပစ္စည်းများ၊ လုပ်အားနှင့် ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ လွှဲပြောင်းသုံးစွဲငွေများ၊ ဧည့်ခံကျွေးမွေးစရိတ်၊ သီးသန့်အသုံးစရိတ်များ၊

၂။ ပင်စင်လစာငွေများ၊ ဆုငွေများနှင့် တစ်လုံးတည်း ပင်စင်ငွေများ၊

၃။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် ကုန်ကြမ်းဝယ်ယူခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ်/လုပ်ငန်းဆောင်ရွက်မှု စရိတ်၊ စီမံနှင့် သုတေသနစရိတ်၊ ရောင်းချဖြန့်ဖြူးမှုစရိတ်၊ ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများ၊

၄။ နိုင်ငံခြားအသင်းအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ နှစ်စဉ်ကြေးပေးသွင်းခြင်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် စည်ပင်သာယာရေး အဖွဲ့များသို့ ထောက်ပံ့ငွေများ၊

၅။ ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များအပေါ်တွင်ပေးချေရသော ပြည်တွင်းအတိုးပေးငွေများနှင့် ပြည်ပကြွေးမြီပေါ်တွင်ပေးချေရသော အတိုးငွေများ။

## ငွေလုံးငွေရင်းသုံးငွေ (Capital Expenditure)

ငွေလုံးငွေရင်းသုံးငွေတွင် အောက်ပါအသုံးစရိတ်များ ပါဝင်ပါသည် -

၁။ လုပ်ငန်းစီမံကိန်းများချမှတ်၍ ငွေပင်ငွေရင်းမြှုပ်နှံလုပ်ကိုင်ရသည့် ကုန်ကျစရိတ်များ၊ (ဥပမာ - စက်ရုံ၊ ကျောင်း၊ ဆေးရုံ၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ လမ်းတံတားနှင့် ဆည်မြောင်းများ တည်ဆောက်ခြင်းစသည့် တည်ဆောက်ရေးလုပ်ငန်းများ)

၂။ လက်ရှိ ရှိပြီးမတည်ပစ္စည်း၊ လမ်း၊ အဆောက်အအုံ၊ ဆည်မြောင်း စသည်တို့အား တိုးတက်ကောင်းမွန်လာစေရန် ထပ်လောင်းဖြည့်စွက်သည့် ကုန်ကျစရိတ်များ၊

၃။ စက်ရုံအလုပ်ရုံများအတွက် စက်ပစ္စည်းများ ဝယ်ယူခြင်း၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်နှင့် မီးရထား စက်ခေါင်းများ၊ လူစီးတွဲများစသည်တို့ ဝယ်ယူခြင်း၊

၄။ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးယာဉ်များနှင့် အခြားရုံးသုံးပစ္စည်းများဝယ်ယူခြင်းတို့အတွက် ကုန်ကျစရိတ်များ၊

၅။ စက်တပ်ဆင်စရိတ်စကများ၊ မြေလျော်ကြေးများစသော အခြားအသုံးစရိတ်များအတွက် ကုန်ကျစရိတ်များ။

## ကြွေးမြီသုံးငွေ (Financial Expenditure)

ကြွေးမြီသုံးငွေတွင် အောက်ပါအသုံးစရိတ်များ ပါဝင်သည် -

၁။ ပြည်တွင်းကြွေးမြီ ပြန်လည်ပေးဆပ်ခြင်းအတွက် အသုံးစရိတ်၊

၂။ ပြည်ပကြွေးမြီ ပြန်လည်ပေးဆပ်ခြင်းအတွက် အသုံးစရိတ်၊

၃။ အဖွဲ့အစည်းများတွင် ရင်းနှီးငွေ (ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံထားမည့်အသုံးစရိတ်)

၄။ စုဆောင်းငွေများ (ငွေစုလက်မှတ်များဖြင့် စုဆောင်းငွေအပေါ်ပြန်ထုတ်ငွေများ)။

## ဘဏ္ဍာရေးနှစ် (Fiscal Year – FY)

ဘဏ္ဍာရေးနှစ်ကာလသတ်မှတ်ချက်သည် အောက်တိုဘာ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဖြစ်ပါသည်။

## ရသုံးခန့်မှန်းခြေငွေစာရင်း (Budget)

တစ်မျိုးသားလုံး၏ စီမံကိန်းအရ လာမည့် ဘဏ္ဍာနှစ်အတွင်း ဝင်ငွေစုစုပေါင်း မည်မျှရရှိ၍ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံသုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည် စသည်ဖြင့် နိုင်ငံတော်အဖွဲ့အစည်းများ၏ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ငွေကြေးဖြင့် ပြုစုဖော်ပြသည့်စာရင်းဖြစ်သည်။ ဘတ်ဂျက်ရငွေပိုင်းတွင် သာမန်ရငွေ၊ ငွေလုံး ငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့လည်းကောင်း၊ အသုံးစရိတ်ပိုင်းတွင် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်တို့လည်းကောင်း ပါဝင်ပါသည်။

## မူလခန့်မှန်းခြေ (Budget Estimate - BE)

ဘဏ္ဍာရေးနှစ်မတိုင်မီ (၆) လခန့်မှ စတင်၍ ကြိုတင်ခန့်မှန်းထားသော ရငွေ၊ သုံးငွေစာရင်းဖြစ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများဖြင့် အတည်ပြုပြဋ္ဌာန်းသည်။

## ဖြည့်စွက်ခွင့်ပြုငွေ (Supplementary Grant - SG)

အသုံးစရိတ်တစ်ခုအတွက် မူလခွဲဝေချထားငွေဖြင့် မလုံလောက်၍ဖြစ်စေ၊ အခြား ငွေစာရင်းခေါင်းစဉ်တစ်ခုခုမှ လွှဲပြောင်းသုံးစွဲရန် ပိုလျှံငွေမရှိ၍ဖြစ်စေ သို့မဟုတ် အသုံးစရိတ်အသစ်တစ်ခုအတွက် မူလခွဲဝေချထားငွေ လုံးဝမရှိ၍ဖြစ်စေ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံသတ်မှတ်ပေးသည့်ရန်ပုံငွေကို ခေါ်ပါသည်။

## ပြုပြင်ပြီးခန့်မှန်းခြေ (Revised Estimate - RE)

လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ်ပိုင်းတွင် မူလခွင့်ပြုငွေအပြင် ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံရရှိခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုရန်ပုံငွေများကို အမှန်တကယ်သုံးစွဲရာ၌ မသုံးစွဲဖြစ်သည့်အတွက် လျော့နည်းသွားသော ရန်ပုံငွေများကြောင့်လည်းကောင်း၊ ရငွေပိုင်းတွင်မူလလျာထားငွေထက် ပိုမိုရရှိခြင်း (သို့မဟုတ်) လျော့နည်းရရှိခြင်းတို့ကြောင့်လည်းကောင်း ပြုပြင်ပြောင်းလဲသွားသည့် ခန့်မှန်းခြေစာရင်းဖြစ်ပါသည်။ အသုံးစရိတ်တွင် (RE = BE+ SG - လျော့နည်းသုံးစွဲငွေ) ဖြစ်ရပါမည်။

## အမှန်စာရင်း (Actual - A)

ရှေ့ပြေးအမှန်စာရင်းဖြစ်ပေါ်ပြီးနောက် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အမှန်တကယ်ရရှိသည့်ငွေနှင့် အမှန်တကယ်သုံးစွဲပြီးသည့် အသုံးစရိတ်များကို ဘဏ်စာရင်းဖြင့် ကိုက်ညှိအတည်ပြုပြီးသောစာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေး အတည်ပြုပြီးသောစာရင်းဖြစ်ပါသည်။

## နိဂုံးချုပ်အမှာစကား

ပြည်သူ့အတွက် ဘတ်ဂျက်အစီရင်ခံစာသည် ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ပြည်သူလူထုသို့ အသိပေးတင်ပြရန်နှင့် အနာဂတ်တွင် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များတွင် ပြည်သူများ နားလည်သဘောပေါက်စွာ ပါဝင်လာနိုင်ရန် ရည်ရွယ်၍ ထုတ်ပြန်ရခြင်းဖြစ်ပါသည်။ ပြည်သူ့အတွက် ယခု ဘတ်ဂျက် အစီရင်ခံစာအပြင် ဘဏ္ဍာရေးဆိုင်ရာ ပို၍ ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ယူ၊ တာဝန်ခံမှုရှိရေးနှင့် ပြည်သူများ၏ပါဝင်မှုကို တိုးမြှင့်ရေးတို့အတွက် အခြားသော ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးလုပ်ဆောင်ချက်များကို ကရင်ပြည်နယ် အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်နှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ရန် ပေါင်းကူးပေးခြင်းဖြင့် ကတိကဝတ်ကို အားကောင်းလာစေရန်နှင့် ပြည်သူလူထု၏လိုအပ်ချက်ကို ပိုမို နားလည်သဘောပေါက် ဖြည့်ဆည်းနိုင်ရန် မျှော်မှန်းပါသည်။ ယခုကဲ့သို့သော ဘတ်ဂျက်အစီရင်ခံစာများသည် မူဝါဒချမှတ်ခြင်းနှင့် မူဝါဒ ရလဒ်များ စွမ်းဆောင်ရည်ကောင်းမွန်စွာ တိုးတက်လာစေရေးအတွက် အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန် နားလည်သဘောပေါက်မှုတွင် အရေးပါပါသည်။ ပြည်သူလူထုလိုအပ်ချက်ကို ထင်ဟပ်နိုင်သည့် ဘတ်ဂျက်ဖြစ်စေရေး အတွက် အရေးပါသည့်လုပ်ငန်းစဉ်တွင် ကျွန်ုပ်တို့နှင့် အတူတကွပါဝင်ရန် မေတ္တာရပ်ခံအပ်ပါသည်။

ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍လည်းကောင်း၊ ဤစာစောင်နှင့်ပတ်သက်၍ အကြံပြုလိုလျှင်လည်းကောင်း ကရင်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ စုံစမ်းမေးမြန်း၊ အကြံပြုနိုင်ပါသည်။

ဖုန်းနံပါတ် - ၀၅၈ ၂၃၄၄၀၊ ၀၅၈ ၂၃၄၁၄၊ ၀၅၈ ၂၂၆၈၃၊ ၀၅၈ ၂၂၆၈၅
**Email - kayinbudget3@gmail.com**

ငွေလုံးငွေရင်းအသုံးစရိတ်နှင့် စီပွားရေးကိန်းဂဏန်းအချက်အလက်များကို ကရင်ပြည်နယ် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနက ပံ့ပိုးပါသည်။

ဖတ်ရှုရလွယ်ကူစေရန် ကိန်းဂဏန်းများကို အနီးစပ်ဆုံး ကိန်းပြည့်များ ယူထားသည့်အတွက် အချို့ကိန်းဂဏန်းများ၏ ပေါင်းခြင်းသည် စုစုပေါင်း တန်ဖိုးနှင့် အနည်းငယ်ကွဲလွဲခြင်း၊ ရာခိုင်နှုန်း အနည်းငယ်ကွဲလွဲခြင်းများ ရှိနိုင်ပါသည်။

# လေ့လာဖတ်ရှုနိုင်သည့် သတင်းအချက်အလက်များ

- ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ)
  https://www.mopf.gov.mm/my/page/finance/ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန/613

- ပြည်ထောင်စုအစိုးရမှတင်ပြသည့် ဘတ်ဂျက်အဆိုပြုလွှာနှင့် အထောက်အကူပြုစာစောင်များ
  https://www.mopf.gov.mm/my/page/finance/ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန/1113


- ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာများ
  https://www.mopf.gov.mm/my/page/finance/ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန/800

- ၂၀၁၈ ခုနှစ် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ
  https://www.mopf.gov.mm/sites/default/files/upload_pdf /2018/08/Strate
  gy%20%20Myan%20%28PDF%29.pdf

- မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း
  https://www.mopf.gov.mm/sites/default/files/upload_pd
  f/2017/08/Financial%20Rules%20and%20Regulation.pdf

- Renaissance Institute ၏ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘတ်ဂျက်အကျဉ်းချုပ်အစီရင်ခံစာများ
  https://rimyanmar.org/en/publication-category/budget-briefs


- အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း
- ဘတ်ဂျက်လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်ရစေမည့် ပြုပြင်ပြောင်းလဲမှုများ
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီမံကိန်းရေးဆွဲခြင်း၊ ရသုံးခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေလျာထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ရလဒ်များ
  https://rimyanmar.org/sites/rimyanmar.org/files/publication_docs/



ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း




ပြည်ထောင်စု၏ Citizen's Budget
(၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်)




ကရင်ပြည်နယ်၏ Citizen's Budget
(၂၀၁၈၊ ဘဏ္ဍာရေးအကူးအပြောင်းကာလ)

ကရင်ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကထုတ်ဝေပါသည်။